# လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ရလဒ်အား ထုတ်ပြန်ကြေညာခြင်း

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်

## နိဒါန်း

ဤကြေညာချက်သည် မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”) ၏ ဒါရိုက်တာဘုတ်အဖွဲ့ (“ဘုတ်အဖွဲ့”) မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၈ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေမှု ကြေညာချက်ကို ရည်ညွှန်းအပ်ပါသည်။

## အစုရှယ်ယာ ဝယ်ယူမှုရလဒ်

ဘုတ်အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက်နေ့တွင် ပိတ်သိမ်းခဲ့သည့် လက်ရှိ အစုရှယ်ယာရှင်များအား လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ ဝယ်ယူမှုရလဒ်ကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

| | |
|---|---|
| စာရင်းသွင်းဝယ်ယူခဲ့သည့် အစုရှယ်ယာရှင် အရေအတွက် | ၃၁၇ ဦး |
| စာရင်းသွင်းဝယ်ယူခဲ့သည့် အစုရှယ်ယာ အရေအတွက် | ၄,၉၉၃,၅၄၄ စောင် |
| စာရင်းသွင်းဝယ်ယူခဲ့သည့် အစုရှယ်ယာ စုစုပေါင်းတန်ဖိုး | ၂၄,၉၆၇,၇၂၀,၀၀၀ ကျပ် |
| အစုရှယ်ယာ ဝယ်ယူမှုရာခိုင်နှုန်း | ၉၉.၈၇ % |

## အစုရှယ်ယာပေးအပ်ခြင်း နှင့် စာရင်းသွင်းခြင်း

အစုရှယ်ယာထုတ်ဝေမှုကြေညာချက်၏ အပိုဒ် (၄) စာရင်းသွင်းဝယ်ယူခြင်းလုပ်ငန်း ခေါင်းစဉ်အောက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း မတည်ငွေရင်း တိုးမြှင့်ခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက် ရရှိပြီးနောက်မှသာ အစုရှယ်ယာများကို ဝယ်ယူထားသော အစုရှယ်ယာရှင်များ၏ ငွေချေးသက်သေခံလက်မှတ်စာရင်း များသို့ တိုက်ရိုက်ထည့်သွင်း ပေးအပ်သွားမည်ဖြစ်ပါသည်။
ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာအသစ်များ အရောင်းအဝယ်ပြုလုပ်နိုင်မည့်ရက်နှင့် ပတ်သက်၍ ကုမ္ပဏီမှ ထပ်မံကြေငြာပေးမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်